Chin National Front
General Headquarters
CHINLAND

## လတ်တလော မြန်မာ့နိုင်ငံရေး ပြဿနာအပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

ယနေ့ရဟန်းရှင်၊ မိဘပြည်သူနှင့် ကျောင်းသားများ၏ ငြိမ်းချမ်းစွာ ဆန္ဒပြနေခြင်းအား စစ်လက်နက်ဖြင့် မြို့လယ်ခေါင်၊ ဘုရားကျောင်းကန်မရှောင်ပဲ ရက်စက်စွာနှိပ်ကွပ်ဖြိုခွဲနေသော စစ်အာဏာရှင်များ၏ အင်မတန်စက်ဆုပ်ဖွယ်ကောင်းသည့် လုပ်ရပ်အပေါ် ပြင်းပြင်းထန်ထန် ရှုတ်ချသည်။

စစ်အာဏာရှင်များ၏ အကြမ်းဖက်ပစ်ခတ်မှုကို ကြံ့ကြံ့ခံရင်ဆိုင်နေသော သံဃာတော်များနှင့် ၈၈မျိုး ဆက်သစ်ကျောင်းသားများ ဦးဆောင်သည့် ယနေ့ဆန္ဒပြသပိတ်တိုက်ပွဲသည် ကမ္ဘာကိုအံ့သြစေပါသည်။ အမှန်တရားကိုလက်ကိုင်ပြုလျက် ခိုင်မာသော သူရသတ္တိကို ပြသသည့် မြန်မာပြည်သူများ၏ဇွဲ၊ လုံ့လနှင့် စိတ်ဓါတ်အပေါ် ချီးကျူးဂုဏ်ယူကြောင်းနှင့် စစ်အာဏာရှင် မိစ္ဆာဒိဋ္ဌိများ၏ လက်ချက်ဖြင့် တိုင်းပြည်အတွက် အသက်ပေးလှူသွားသော သံဃာတော်၊ ပြည်သူများအား လေးစားဂါရဝပြုပါသည်။

ဗိုမီးအမျိုးသားကွန်ကရက် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီအဖွဲ့ဝင်၊ ပြည်ထောင်စုတိုင်းရင်းသားများမဟာမိတ်အဖွဲ့ချုပ်ဝင် ပူးကျင်ရှန်းထန် (လွှတ်တော်ကိုယ်စားလှယ်၊ တီးတိန်မဲဆန္ဒ နယ်အမှတ်–၂) နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီအဖွဲ့ခေါင်းဆောင် ပူးထောင်ခိုထန်(လွှတ်တော်ကိုယ်စားလှယ်၊ တမူးမဲ ဆန္ဒနယ်) တို့အား စက်တင်ဘာလ (၂၇)ရက်နေ့ သန်းခေါင်ကျော်မနက် ၁း၀၀ နာရီအချိန်တွင် စစ်အာဏာရှင်များမှ ၄င်းတို့၏ ညမထွက်ရ အမိန့်အောက်၌အမှောင်ထုကို အကာအကွယ်ပြုပြီးလူခြေတိတ်ချိန်တွင် နေအိမ်မှ ခိုးကြောင်ခိုးဝှက်ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ အခြား ဆန္ဒပြသူများအား ဖမ်းဆီးနေခြင်းသည်တရားမဲ့ လူဆိုးသူခိုး၊ လူယုတ်မာတို့၏ သူရဲဘော်ကြောင်သော အင်မတန်ယုတ်ညံ့သည့် လုပ်ရပ်ဖြစ်၍ ပြင်းထန်စွာပြစ်တင် ရှုတ်ချကြောင်းနှင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်အတွက် စစ်အာဏာရှင်များ၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးလိုက်သည်။

စစ်အာဏာရှင်ကျဆုံးရေးအောင်ပွဲခံရန် လက်တကမ်းအလိုတွင် ငြိမ်းချမ်းသောဆန္ဒပြပွဲ အရှိန်အဟုန်မြှင့်တင်ရေးအတွက် အလွှာစုံမှအဖွဲ့(၉)ဖွဲ့ဖြင့် အကြမ်းဖက် ဆန့်ကျင်ရေးနှင့်လူထုလှုပ်ရှားမှု ကြီးကြပ်ရေးကော်မီတီဖွဲ့စည်းမှုကိုထောက်ခံကြောင်းနှင့် ပြည်သူတရပ်လုံးမှ ဝိုင်းဝန်းပံ့ပိုးသင့်ကြောင်းတိုက်တွန်း နှိုးဆော်အပ်ပါသည်။

နအဖ အနေဖြင့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာအင်ဗရာဟင်ဂမ်ဘာရီအား ပြည်ဝင်ခွင့်ပြုသည့်အပေါ်ကြိုဆိုသည်။ မြန်မာ့အထွေထွေအကြပ်အတည်း ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏အကြံပြုဆောင်ရွက်မှုများအပေါ် ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ပြန်ကျေညာလိုက်ရပေသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့

ဆက်သွယ်ရန်၊
ဖုန်း– ၀၃၈၉– ၂၃၄၆၁၉၇၊
မိုဘိုင်း– ၀၉၄၃၆၃၉၂၈၆၂